EIEIO

Evidence-based International
Early Intervention Office

## Routines-Based Home Visit Checklist

အိမ်တိုင်ရာရောက်ဝန်ဆောင်မှုပေးသူအမည်: ___________________________နေ့စွဲ ____________

Observer's Name: ______________________________________________

| | |
|---|---|
| *ကြိုတင်လိုအပ်ချက်များ - Ecomap ကို ဆွဲပြီး၊ (Routien Based Interview) ကလေးနှင့်မိသားစု၏ တနေ့တာကို နက်နက်နဲနဲမေးမြန်းပြီးနောက် ကလေးနှင့်မိသားစုအတွက် ရည်မှန်းချက်များ(၁၀ခုမှ၁၂ခု) ရှိနေရမည် ဖြစ်ပါသည်။* | |
| အိမ်တိုင်ရာရောက်ဝန်ဆောင်မှုပေးသူသည် အောက်ပါအချက်များကို လုပ်ဆောင်ခဲ့ပါသလား။ လုပ်ခဲ့လျှင် **(√ )** ပြည့်စုံစွာ မလုပ်ဆောင်ခဲ့လျှင်**(±)**၊ မလုပ်ခဲ့လျှင် (သို့) မှားယွင်းစွာလုပ်ဆောင်ခဲ့လျှင်**(-)** အမှတ်အသားပြုပါ။ | |
| **နှုတ်ဆက်ခြင်း** | |
| ၁။ ရှိနေသူများအားလုံးကို ယဉ်ကျေးစွာ နှုတ်ဆက်ပါသလား။ | |
| ၂။ ပဋိသန္ဓာရစကား ဆိုပါသလား။ | |
| ၃။ ယခင်သွားဖူးပြီးဖြစ်၍ သိနေပြီဖြစ်သည့် အိမ်ဆိုလျှင် မိမိဘာသာ ထိုင်နေကျနေရာ၌ ထိုင်၏၊ ထိုသို့မဟုတ်လျှင် မိဘအား မည်သည့်နေရာ၌ ထိုင်ရမည်ကို မေးပါသလား။ | |
| ၄။ [1]မိဘကို အခြေအနေဘယ်လိုလဲဟု မေးပါသလား။"How things have been going?" | |
| ၅။ အကယ်၍ မိဘက အကြောင်းအရာတစ်ခုခုကို တင်ပြပြောဆိုလာလျှင်၊ ၎င်းအကြောင်းအရာကို ဆက်လက်ဆွေးနွေးပါသလား။ | |
| ၆။ အကယ်၍ မိဘက မည်သည့်ကိစ္စမှ တင်ပြခြင်းမရှိလျှင်၊ ယခင်လာရောက်သည့် အချိန်မှစ၍ ယခုအချိန်ထိအတွင်း အဖြစ်အပျက်အသစ် တစ်ခုခု ရှိသလားဟု မေးပါသလား။ | |
| ၇။ HVPO form ကို မိဘအား ပြသပြီး ယခုအခေါက်တွင် မိဘသည် မည်သည့်အချက်ကို အာရုံစိုက်လိုသည်ဟု ဖော်ပြခဲ့ကြောင်း ပြောပြပါသလား။ | |
| ၈။ Routine အခြေအနေအတွင်း ကလေး၏ လုပ်နိုင်စွမ်း(skill) ကို ဆွေးနွေးသည့်အခါ ရည်မှန်းချက်များနှင့် နေ့စဉ်လုပ်ငန်းကိုတွဲပြထားသည့် ဇယား (Goal Matrix)ကို ရည်ညွှန်း အသုံးပြု ပါသလား။ | |
| **ကလေးအတွက် ရည်မှန်းချက်များ (Child Goal)** | |

[1] မိဘ၊ အမေဟု သုံးရာတွင် အမေ၊ အဖေ၊ အုပ်ထိန်းသူ၊ ကလေးကို အဓိကပြုစုစောင့်ရှောက်သူ မည်သူမဆို ဖြစ်နိုင်ပါသည်။

| | |
|---|---|
| ၉။ ကလေး၏ စွမ်းရည် (ရည်မှန်းချက်)ကို ဆွေးနွေးသည့် အခါတိုင်း Routine နှင့် ဆက်စပ်ပြီး အမြဲဆွေးနွေးပါသလား။ ဥပမာ၊ "ဘယ်အချိန်(routine)မှာ ကလေးလုပ်ဆောင် တာကို တွေ့တာလဲ" "ဘယ်အချိန်(routine)မှာ ကလေးကို လုပ်ဆောင်စေချင်တာပါလဲ"။ | |
| ၁၀။ အကြံမပေးခင် အနည်းဆုံး အောက်တွင်ဖော်ပြထားသော မေးခွန်းမျိုး ၄ခုကို မေးပါသလား။ | |
| (၁) ကလေး အခု ဘာလုပ်ပါသလဲ (ကလေးအတွက် ရည်မှန်းချက်နှင့် ဆိုင်သော သို့မဟုတ် မိဘတင်ပြသော အကြောင်းအရာနှင့် ဆိုင်သော လုပ်ဆောင်ချက်) | |
| (၂) အဲ့ဒါကို ဘယ်အချိန်၊ ဘယ်နေရာမှာ လုပ်ပါသလဲ။ | |
| (၃) သင်က ဘာလုပ်ပါသလဲ။ | |
| (၄) ကလေးကို ဘာလုပ်စေချင်တာလဲ၊ | |
| (၅) တကယ်လို့ သင် ____________________________ လုပ်လျှင်၊ ဘယ်လို ဖြစ်မလဲ (အကြံပြုချက်ပေးကာနီး အနေအထား) | |
| ၁၁။ အကြံပေးသလား။ (ဥပမာ၊___လုပ်ဖို့ ကြိုးစားဖူးပါသလား။) | |
| ၁၂။ လက်တွေ့အကျိုးရှိသည်ဟု သုတေသနပြုချက်အရ ခိုင်မာသော အကြံကိုသာ ပေးပါသလား။ (oral-motor stimulation, play therapy, sensory integration တို့ကဲ့သို့သော သက်ဆိုင်ရာ ပညာရှင်မှသာ အဆုံးအဖြတ်ပေးသည့် အကြံဉာဏ်မျိုး၊ အကျိုးရှိသည်ဟု ခိုင်မာမှုနည်းသော အကြံဉာဏ်မျိုးပေးခြင်းကို ရှောင်ရှားပါသလား။) | |
| ၁၃။ မိဘက အကြံဉာဏ်၊ အဖြေကို စိတ်ဝင်စားမှုရှိလျှင်၊ အကောင်အထည်ဖော်ရန် သေချာအောင် အတည်ပြုပါသလား။ (ဥပမာ၊ "ဒီဟာ (အကြံပြုသော လုပ်ဆောင်ချက်) က အမေကြိုးစား(လုပ်) ကြည့်ချင်နေတာမျိုးလား") | |
| ၁၄။ အကြံပြုချက်ကို လက်တွေ့လုပ်ပြပြီးနောက်၊ ၎င်းနည်းလမ်းသည် အလုပ်ဖြစ်၊မဖြစ်ကို မေးပါသလား။ | |
| ၁၅။ ဤအကြံပြုချက် နည်းလမ်း (Intervention) သည် မိဘ(မိသားစု)မှ နေ့စဉ် လက်တွေ့လုပ်ဆောင်ရန် ဖြစ်နိုင်၊ မဖြစ်နိုင်ကို မေးပါသလား။ ဥပမာ၊ "အခြားလုပ်ဆောင် နေရတာတွေလည်း ရှိနေတော့ အခုဒီဟာကို ထည့်သွင်းလုပ်ဆောင်ဖို့ အဆင်ပြေပါသလား" (သို့မဟုတ်) "ကျွန်တော်/ကျွန်မ အမေရှင်းအောင် ပြောနိုင်ရဲ့လား မသိဘူးနော်၊ အမေက ဒီဟာကို လုပ်နိုင်မယ်လို့ ထင်ပါသလား" | |
| ၁၆။ ဤအကြံပြုချက် (Intervention)ကို မိသားစုက လုပ်ကိုင်မည်ဆိုလျှင်၊ HVPO form ၌ "ယနေ့မှ နောက်တစ်ကြိမ် လာမည့်အချိန်အတွင်း ဆောင်ရွက်မည့် အချက်များ" တွင် ရေးသွင်းပါသလား။ | |

| | |
|---|---|
| ၁၇။ မိဘ (မိသားစု)က ကလေးနှင့်ပတ်သက်သည့် ကိစ္စရပ်တစ်ခုခုကို တင်ပြပြောဆိုသည့် အခါ၊ သင့်တော်မည်ဆိုပါက၊ “ကလေးဘာလုပ်သလဲ” သို့မဟုတ် “အမေက ဘာလုပ်သလဲ ဆိုသည်ကို လုပ်ပြချင်ပါသလား”ဟု အမေကို မေးပါသလား။ | |
| **Home Visitor က အကြံပြုချက်ကို လက်တွေ့လုပ်ဆောင်ပြခြင်း (အဆင့် ၈ ဆင့်)** | |
| ၁၈။ မိဘ/မိသားစုအား ဤအကြံပြုချက် (Intervention)ကို ရှင်းပြပါသလား။ | |
| ၁၉။ မိဘက နားလည်သည့်ပုံ မပေါ်လျှင်၊ သို့မဟုတ် နားမလည်ဘူးဟုပြောလျှင် “ ကျွန်မ၊ ကျွန်တော် လက်တွေ့လုပ်ပြရမလား” ဟု မေးပါသလား။ | |
| ၂၀။ မလုပ်ပြခင်  ဘယ်လို ရည်ရွယ်ချက်ဖြင့် ဘာလုပ်ပြမည်ကို ရှင်းပြပါသလား။ | |
| ၂၁။ လက်တွေ့ လုပ်ဆောင်ပြပါသလား။ | |
| ၂၂။ ဘာလုပ်ခဲ့သည်ကို မိဘအား ပြောပြပြီး၊ ရလဒ်ကို မိဘ သဘောပေါက်အောင် ရှင်းပြပါသလား။ | |
| ၂၃။ မိဘအား “ကြိုးစား လုပ်ကြည့်မလား”ဟု မေးပါသလား။ | |
| ၂၄။ မိဘက လုပ်ကြည့်မည်ဟု ပြောပြီး လုပ်ကြည့်ချိန်တွင် မိဘလုပ်သည်ကို လေ့လာနေပါသလား။ မလုပ်တော့ပါဘူးဟု ပြောလျှင်၊ လုပ်ကြည့်ရန် အတင်းတိုက်တွန်းခြင်းမျိုးကို ရှောင်ပါသလား။ | |
| ၂၅။ မိဘက လုပ်ကြည့်မည်ဟု ပြောလျှင်၊ အသိအမှတ်ပြု ချီးကျူးစကား ပြောပါသလား။  မိဘက လုပ်ကြည့်ပြီးလျှင် အချိန်တိုတိုနှင့် အပြုသဘောဆောင်သည့် သုံးသပ်ချက်ကို ပေးပါသလား။ | |
| ၂၆။ အထက်ပါအတိုင်း Intervention တစ်ခု နှင့် သက်ဆိုင်သည်များကို ဆွေးနွေးမှု ပြီးဆုံးသွားသည့် အခါ ရည်မှန်းချက်များနှင့် နေ့စဉ်လုပ်ငန်းကိုတွဲပြထားသည့် ဇယား (Goal Matrix) ကို အသုံးပြုပြီး၊ ၎င်း routine တွင် မိဘ မြင်လိုသော ကလေး၏ အခြားသော လုပ်ဆောင်မှုများ ရှိသလားဟု မေးပါသလား၊ သို့မဟုတ် ကလေး၏လုပ်ဆောင်မှု (goal) ကို အခြားသော မည်သည့် routines တွင် လုပ်ဆောင်ရန် လိုအပ်နေသေးလဲ ဟု မိဘကို မေးပါသလား။ | |
| ၂၇။ အကယ်၍ ၎င်း routine တွင် ကလေးကို အခြားသော လုပ်ဆောင်မှုများရှိစေချင်သည်ဆိုလျှင်၊ ၎င်းအချိန်၌ ယခု ဆွေးနွေးထားသည့် ကလေး၏စွမ်းရည်ထက် ကျော်သော မည်သို့သော မတူညီမှုကို တွေ့မြင်လိုသလဲဟု မိဘကို မေးပါသလား။ | |
| ၂၈။ ၎င်း routine အတွက် မိဘမှန်းထားသော ကလေးအတွက် ရည်မှန်းချက်များ (goals) ကို မေးပါသလား။ | |
| ၂၉။ မိဘအား ၎င်း goals များထဲမှ ၁ ခုအကြောင်း ပြောပြရန် တောင်းဆိုပါသလား။ (goal တစ်ခုကို အာရုံစိုက်ခြင်း) | |

| | |
|---|---|
| ၃၀။ အကယ်၍ တူညီသောစွမ်းရည်(same skill) ကို အခြားသောအချိန် (routine) တို့တွင်လည်း လုပ်စေချင်သည်ဟု ဆိုလျှင်၊ ၎င်းအချိန်တို့၌ ကလေးက မည်သို့လုပ်ဆောင်နေသလဲဟု မေးပါသလား။ အထူးသဖြင့် Goal matrix တွင် ပြထားသော အချိန်တို့တွင် မည်သို့လုပ်ဆောင်နေသလဲဟု မေးသလား။ | |
| ၃၁။ အခြားသောမည်သည့် routine တစ်ခု အတွက် ဆွေးနွေးချင်ပါသလဲဟု မိဘအား မေးပါသလား။ (routine အသစ်တစ်ခုကို အာရုံစိုက်) | |
| **မိသားစုအတွက် ရည်မှန်းချက်များ (Family Goals)** | |
| ၃၂။ ဖြစ်နိုင်ဖွယ်ရာ အဖြေကို ရှာရန် Ecomap ကို ထုတ်ယူအသုံးပြုသလား။ | |
| ၃၃။အကြံမပေးခင် အနည်းဆုံး မေးခွန်း (၄) ခုကို မေးပါသလား။ ဥပမာ | |
| (၁) ဘယ်လိုများ ဖြစ်ပါသလဲ၊ ဘာဖြစ်တာလဲ။ | |
| (၂) ဘယ်လိုများ လုပ်နေပါသလဲ။ | |
| (၃) ဖြစ်ချင်တာဖြစ်ဖို့ ဘာတွေလုပ်ဖြစ်ခဲ့ပါသလဲ။ | |
| (၄) (သင်)ဘာဖြစ်ချင်ခဲ့တာလဲ။ | |
| (၅) (သင်) ဘာလုပ်ဖို့လိုတယ်လို့ ထင်သလဲ။ | |
| (၆) ဒီလို ____________ လုပ်ရင် ဘယ်လိုနေမယ်ထင်လဲ ဟု မေးပါသလား။ (အကြံပြုချက်ပေးကာနီး အနေအထား) | |
| ၃၄။ အကြံပေးသလား။ (__လုပ်ဖို့ ကြိုးစားဖူးပါသလား ဟု မိဘကို မေးပါသလား။) | |
| ၃၅။ သင်ကူညီနိုင်သော အချက်များ ရှိပါသေးသလား ဟု မိဘကို မေးသလား။ | |
| ၃၆။ သင့်တော်မည် ဆိုပါလျှင်၊ မိဘကို တိုက်ရိုက် အကူအညီပေးတာထက်၊ မိဘသည် မည်သို့ အကူအညီရနိုင်ကြောင်း ပြောပြပေးပါသလား။ | |
| **အပြီးသတ်အချိန် (Wrap up)** | |
| ၃၇။ မိဘနှင့်အတူ HVPO form ကို ကြည့်ရှုလေ့လာသလား။ | |
| (၁) ယနေ့ဆောင်ရွက်ချက်များ | |
| (၂) ယနေ့မှ နောက်တစ်ကြိမ် လာမည့်အချိန်အတွင်း ဆောင်ရွက်မည့် အချက်များ | |
| (၃) နောက်တစ်ကြိမ်အိမ်တိုင်ရာရောက်ဝန်ဆောင်မှုအတွက် အစီအစဉ် | |

| | |
|---|---|
| အိမ်တွင်ရှိနေစဉ် (home visit အချိန်အတွင်း)၊ သင့်တော်သလို ဆောင်ရွက်ရန် (အချက်များအားလုံးသည် home visit တိုင်းအတွက် သင့်တော်ချင်မှ သင့်တော်ပါမည်။) | |
| **စိတ်ခံစားမှုပိုင်းဆိုင်ရာ ပံ့ပိုးမှု (Emotional Support)** | |
| ၃၈။ ကလေးနှင့်မိဘ၏ အားသာချက်များကို သေသေချာချာ အကောင်းမြင်မှု ရှိပါသလား။ | |
| ၃၉။ မိဘ၏ စိတ်ပူပန်ချက်များကို ဂရုပြု တုံ့ပြန်ပါသလား။ (မိဘ၏ မှတ်ချက်ချမှုကို အာရုံစိုက်ပါသလား။) | |
| ၄၀။ ကလေး၏မိသားစုဝင်များအားလုံး နှင့် အဘိုး၊အဘွား၊ဦးလေး၊အဒေါ် တိုးချဲ့မိသားစုဝင်များအထိ ဦးတည်သည်၊ အထူးသဖြင့် ကလေးကို အဓိကပြုစုစောင့်ရှောက်သူ၏ ကျန်းမာအဆင်ပြေမှုကို အာရုံစိုက်ပေးသလား။ (------ နေကောင်းလား၊ ဘယ်လိုနေသလဲဟု ဂရုတစိုက် မေးမြန်းသလား။) | |
| ၄၁။ ဖော်ဖော်ရွေရွေ ရှိသလား။ | |
| ၄၂။ အကင်းပါးသလား၊ အလိုက်သိသလား။ မိသားစု၏ နေရာမှာနေပြီး စဉ်းစားပေးသလား။ | |
| **ပစ္စည်း ပံ့ပိုးမှု (Material Support)** | |
| ၄၃။ အခြေခံ စားဝတ်နေရေးလိုအပ်ချက်အား ရရှိခဲ့မှုကို သေချာအောင် လုပ်သလား။ | |
| ၄၄။ ကလေး၏ နေ့စဉ်ဘဝ ဆောင်ရွက်ချက်ကို တိုးမြှင့်ရန် အထောက်အကူဖြစ်စေမည့် ပစ္စည်းကရိယာများ၊ အထူးသဖြင့် ဆက်သွယ်ရန် အထောက်အကူပြုပစ္စည်းများကို ရခဲ့ကြောင်း သေချာအောင် လုပ်သလား။ | |
| **သတင်းအချက်အလက် ပံ့ပိုးမှု (Informational Support)** | |
| ၄၅။ မိသားစုသည် ကလေး၏ မသန်စွမ်းမှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိကြောင်း သေချာအောင် လုပ်သလား။ | |
| ၄၆။ မိသားစုသည် ကလေးဖွံ့ဖြိုးမှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိကြောင်း သေချာအောင် လုပ်သလား။ | |
| ၄၇။ မိသားစုသည် လိုအပ်သော အရင်းအမြစ်များဆိုင်ရာ နှင့် ဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိကြောင်း သေချာအောင် လုပ်သလား။ | |
| ၄၈။ မိသားစုသည် intervention နှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိကြောင်း သေချာအောင် လုပ်သလား။ (ဆိုလိုသည်မှာ မိသားစုသည် ကလေးနှင့် ဘာလုပ်နိုင်သလဲ ဟု ဆိုလိုခြင်း ဖြစ်ပါသည်။) | |

| **ကလေးကို ပြုစုပျိုးထောင်ပုံ (Parenting)** | |
|---|---|
| ၄၉။ ကလေးကို မကြာခဏ အပြုသဘောဆောင်စွာ စကားပြောရန် မိသားစုကို အားပေးတိုက်တွန်းပါသလား။ | |
| ၅၀။ မကြာခဏ ကလေးနှင့်အတူတကွ စာဖတ်ရန် မိသားစုကို အားပေးတိုက်တွန်းပါသလား။ | |
| ၅၁။ ကလေးနှင့် အတူ ကစားရန်၊ ကလေး၏ ဆက်သွယ်မှု၊ လိုအပ်မှုတို့ကို အချိန်မဆိုင်းဘဲ တုံ့ပြန်ရန်၊ ကလးနှင့် ပျော်စရာ၊ ရီစရာများ အတူလုပ်ရန် မိသားစုကို အားပေးတိုက်တွန်းပါသလား။ | |
| ၅၂။ ကလေးကို သင်ရန်၊ နေ့စဉ်ဘဝအတွင်း ကလေး၏ စိတ်ဝင်စားမှုကို မူတည်ကာ သင်ယူခွင့် အခွင့်အရေးများပေးရန်၊ လှုံ့ဆော်မှု နှင့် လိုအပ်သမျှသာ အကူအညီပေးခြင်းနည်းများကိုသုံးရန်၊ ကလေး၏ကြိုးစားမှု၊ အောင်မြင်မှုကို အားပေးသည့်နည်းလမ်းများကို အသုံးပြုရန် မိသားစုကို အားပေးတိုက်တွန်းပါသလား။ | |
| **(√ )** ရသော အချက်စုစုပေါင်း | |
| အမှတ်အသားပြသော အချက်စုစုပေါင်း | |
| မှန်ကန်စွာ လုပ်ဆောင်မှု % | |

2

---

**Reference**
McWilliam, R. A. (2010). *Routines-based early intervention*. Baltimore, MD: Brookes Publishing.

12.7.2019

This work is licensed under the Creative Commons Attribution-NonCommercial-NoDerivatives 4.0 International License. To view a copy of this license, visit http://creativecommons.org/licenses/by-nc-nd/4.0/ or send a letter to Creative Commons, PO Box 1866, Mountain View, CA 94042, USA.

R. A. McWilliam (2009)
RBI Protocol

2